ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၏
ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ဖွဲ့စည်းခြင်း
(၂)နှစ်ပြည့်သဝဏ်လွှာ

၂၀၂၃ခုနှစ်၊ မေလ ၅ ရက်

ရဲဘော်တို့-

ဒီနေ့ဟာ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defense Force-PDF) ဖွဲ့စည်းထူထောင်ခြင်း (၂)နှစ်ပြည့် အခါသမယဖြစ်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကြီးရဲ့ ရှေ့ပြေးအမြုတေလည်း ဖြစ်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ (၂)နှစ်တာကာလအတွင်း စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် မြင့်မားထက်မြက်လာတာကိုလည်း ဂုဏ်ယူစွာတွေ့ရပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်မှာဆိုရင် တစ်နိုင်ငံလုံး စစ်အာဏာရှင်အောက်မှ လွတ်မြောက်စေရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို လိုလားတဲ့ နိုင်ငံ့သားကောင်း လူရည်ချွန်၊ လူငယ်၊ လူရွယ်တွေ ပါဝင်စုဖွဲ့ထားတာဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးတပ်များနဲ့လည်း မဟာမိတ်ဖွဲ့ကာ အခုဆိုရင် အရှိန်အဟုန်ကောင်းတဲ့ တော်လှန်စစ်ကို လက်တွဲပူးပေါင်း ဆင်နွှဲလျက်ရှိတယ်ဆိုတာ အားလုံးအသိပါပဲ။

အကြမ်းဖက်စစ်တပ်ဟာ ဗိုလ်ကျစိုးမိုးပြီး စစ်အာဏာရှင်စနစ်အောက်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ခေါင်းမဖော်နိုင်အောင် အဓမ္မကျွန်ပြု အုပ်ချုပ်ခဲ့သလို၊ ၎င်းတို့ကို ဆန့်ကျင်တော်လှန်သူပြည်သူများ၊ ဒီမိုကရေစီလိုလားသူများ၊ တိုင်းရင်းသား တန်းတူရေး လှုပ်ရှားသူများ အပေါ်မှာလည်း တပြေးတည်း လက်နက်အားကိုးပြီး လူမဆန်စွာ ရက်စက်ရမ်းကားတဲ့ လုပ်ရပ်များကို နိုင်ငံ

အနှံ့မှာ ယနေ့ထိတိုင် မရေမတွက်နိုင်အောင် ကျူးလွန်နေတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ဒီအခြေအနေမှာ ကျွန်တော်တို့ဟာ ပြည်သူလူထုကိုကာကွယ်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်ရည်မှန်းချက်များနဲ့ လွန်ခဲ့သော (၂)နှစ်က ဒီနေ့လိုအချိန်မှာ ပြည်သူ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့တာဖြစ်ပြီး အခုဆိုရင် တောင့်တင်းစနစ်ကျသော စုဖွဲ့မှု အင်အားတစ်ရပ်နဲ့ အကြမ်းဖက်စစ်ကောင်စီနှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများကို အရှိန်အဟုန်ကောင်းကောင်းနဲ့ တော်လှန်တိုက်ထုတ် လှုပ်ရှားနေနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ကာကွယ်ရေး စစ်သား အယောက်စီတိုင်းဟာ လုံခြုံမှုကင်းမဲ့နေကြတဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးကို ဦးထိပ်ပန်ဆင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နယ်မြေစိုးမိုးရေးအားကောင်းလာသည်နှင့်အမျှ စနစ်ကျသော ပြည်သူ့အုပ်ချုပ်ရေး၊ ပြည်သူ့ကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းများကိုလည်း နယ်မြေဒေသအလိုက် ဖွဲ့စည်းဆောက်ရွက်လျက် ရှိပါတယ်။

ဒီကနေ့ နှစ်ပေါင်းများစွာက တည်ဆောက်ထားတဲ့ စစ်တပ်ကို ယခုလို (၂) နှစ်တာအတွင်းမှာ ပင် လျှင်လျှင်မြန်မြန် တန်ပြန်ရင်ဆိုင်တော်လှန်နိုင်တယ်ဆိုတာ လွယ်လွယ်ကူကူမရခဲ့သလို ဒီအခြေအနေအထိ ရောက်ရှိနိုင်တာဟာ တော်လှန်တပ်သားတိုင်းရဲ့ ပေးဆပ်အနစ်နာခံမှု မဆုတ်မနစ်ကြိုးစား အားထုတ်မှုကြောင့်ဆိုတာကို ကျွန်တော်အနေနဲ့ အမြဲဂုဏ်ပြု မှတ်တမ်းတင်ပါတယ်။ အသက်နဲ့ခန္ဓာပေးဆပ်ခဲ့ကြရတဲ့ ကျဆုံးရဲဘော်များ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ကြရတဲ့ရဲဘော်များ၊ ယနေ့အချိန်ထိတိုင် အခက်အခဲပေါင်းများစွာကြားကနေ ယုံကြည်ချက်ကို လက်မလွှတ်ဘဲ ဆက်လက်တိုက်ပွဲဝင်နေကြတဲ့ ရဲဘော်အပေါင်းကို အထူးအလေးအမြတ်ထား ဦးညွှတ်ဂုဏ်ပြုအပ်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ စစ်သည်တော် သူရဲကောင်းများဟာ ပြည်သူထဲက ပြည်သူတွေဖြစ်သလို မိမိတို့ရဲ့ ပကတိဘဝတွေကို ခဝါချခဲ့ပြီး တော်လှန်ရေးအသိတရား ရှိစွာဖြင့် ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းရွက်နေကြတာဖြစ်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ကို ဆက်လက်ပြီး စနစ်တကျ ပြင်ဆင်စုဖွဲ့မှုတွေနဲ့ အင်အားတောင့်တင်းခိုင်မာတဲ့ Professional Army တစ်ရပ် အသွင်သဏ္ဌာန် ပေါ်ပေါက်လာရေး ကြိုးပမ်းကြတဲ့နေရာမှာ အားလုံးပူးပေါင်းပါဝင်ကြဖို့ကိုလည်း အထူး

အလေးအနက်ထား တိုက်တွန်းလိုပါတယ်။ တော်လှန်ရေးတစ်ရပ်အောင်မြင်ဖို့ ပြည်သူသာအဓိက၊ ပြည်သူတွေရဲ့ ဖွဲလုံ့လသည် ဗဟိုချက် ဖြစ်ပါတယ်။ ပြည်သူ့အားဖြင့် တည်ထောင်ရသော ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ ပြည်သူကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကာကွယ်စောင့်ရှောက်ဖို့ အလုပ်အကျွေးပြုဖို့ ကြိုးစား အားထုတ်ကြရမှာ ဖြစ်ပါတယ်။

ပြည်သူ့နွေဦးတော်လှန်ရေးနဲ့အတူ (၂)နှစ်တာကာလ ဖြတ်သန်းခဲ့ပြီးတဲ့နောက်မှာ အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့လည်း အရေးပေါ်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့လည်း အစဥ်ကြိုးပမ်းလျက်ရှိသလို ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ အခြေအနေ အားနည်းချက်၊ အားသာချက်တွေကို အမြဲလေ့လာပြီး လိုအပ်ချက်တွေ၊ ဆက်လက်သတိရှိရှိ ပြင်ဆင်ရမှာတွေ ရှိနေတာကိုလည်း သတိပြုမိပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြုံငုံစီမံကွပ်ကဲရတဲ့နေရာမှာ၊ ရန်သူစစ်ကောင်စီကို ဗျူဟာမြောက်ထိုးစစ်ဆင် အနိုင်ယူနိုင်ဖို့ရာတွေမှာ Chain of Command ဟာ အင်မတန်အရေးကြီးပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ နေရာအနှံ့မှာ ဖြန့်ကျက်ထားနိုင်ပြီဖြစ်သလို ယခု ၂၀၂၃ခုနှစ်ဟာ အပြောင်းအလဲအဖြေကိုပေးမယ့် နှစ်တစ်နှစ်ဖြစ်တာနဲ့အညီ စစ်ရေးရည်မှန်းချက်များပြည့်မီဖို့ စစ်ဒေသကြီးများအလိုက် ကွပ်ကဲမှုများကိုလည်း လေးစားလိုက်နာကြဖို့လိုပါတယ်။

ယနေ့မိမိတို့ဆင်နွှဲနေတဲ့ ပြည်သူ့နွေဦးတော်လှန်ရေးကြီးမှာ ပြည်သူ့ကာကွယ်ရေး တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ ထိပ်ဆုံးကပါဝင်နေပါတယ်။ စတင်ဖွဲ့စည်းချိန်ကထက် ယနေ့မှာ ရုပ်လုံးကြွလာပြီဖြစ်တဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ အကြမ်းဖက်စစ်တပ်ကို ရင်ဆိုင်အံတုပြီး နိုင်ပွဲတွေဆက်၊ အောင်ပွဲတွေခံနေပါပြီ။ မျှားမကြာမီကာလမှာပဲ ပြည်တော်ဝင်စစ်ချီပြီး အကြမ်းဖက်စစ်တပ်နဲ့ အာဏာရှင်စနစ်ဆိုးကို မြေလှန် ချေမှုန်းကြပါစို့။

ရဲဘော်တို့-

ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ သစ္စာအဓိဋ္ဌာန်(၄)ရပ်ထဲကအတိုင်း ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိကြပါ။ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာ

ကွယ်စောင့်ရှောက်ကြပါ။ ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း အသက်ပေးသွားခဲ့ကြတဲ့ သူရဲကောင်း အပေါင်းတို့အပေါ် သစ္စာစောင့်သိကြပါ။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး အတွက် အသက်ကိုပင် စွန့်လွှတ် တိုက်ပွဲဝင်မည့် ယုံကြည်ချက်ကို ခိုင်ခိုင်မာမာထားရှိကြပါ။

ငါတို့တော်လှန်ရေးဟာ အောင်ပွဲခံဖို့ နီးသထက်နီးလာခဲ့ပါပြီ။ ဘယ်လိုပင် ခက်ခဲကြမ်းတမ်း ပါစေ အရေးတော်ပုံအောင်ရမည်ဆိုတဲ့ စိတ်ကို နှလုံးသွင်းပြီး ဖွဲ့ရှိရှိ ဆက်လက်ရပ်တည်ကြပါ။ အချင်းချင်း ညီညွတ်ပါ။ စည်းလုံးပါ။ ယုံကြည်ချက်အပေါ် မြဲမြံ သစ္စာစောင့်သိပါ။ အပြန်အလှန် လေးစားတန်ဖိုးထားပါ။ ရိုင်းပင်းကူညီပါ။ စစ်သည်တော်စည်းကမ်းများကို အမြဲသတိရှိ လိုက်နာကြ ပါ။ ဒါဟာ ငါတို့ ပြည်သူ့ကာကွယ်ရေးတပ်မတော် သူရဲကောင်းရဲဘော်အပေါင်းရဲ့ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာက သိအောင်ပြတာပဲဖြစ်ပါတယ်။ ငါတို့ဟာ အကြမ်းဖက်စစ်တပ်ကို ရင်ဆိုင် တိုက်ထုတ်ရင်း အကြမ်းဖက်လိုစိတ်တွေ မပေါ်ပေါက်ဖို့ အမြဲအသိသတိနဲ့ ဆင်ခြင်ရပါမယ်။ ငါတို့ဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်ဆီးနေတဲ့ အကြမ်းဖက်စစ်တပ်ကို တော်လှန် တိုက်ထုတ်နေတဲ့ ပြည်သူ့တပ်မတော်သာဖြစ်တယ်။ ဒါကြောင့် ပြည်သူတို့တွေရဲ့ အကျိုးစီးပွားကို အမြဲဗဟိုပြုပါ။ ငါတို့ဟာ တရားမျှတမှုအတွက်၊ လွတ်လပ်မှုအတွက်၊ တန်းတူညီမျှမှုအတွက်၊ လူ့ အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီရေးအတွက် တော်လှန်တိုက်ပွဲဝင်နေကြခြင်း ဖြစ်တယ်။ ငါတို့ ကိုယ်ငါတို့ အားကိုးကြရမယ်။ ငါတို့နိုင်တဲ့ဝန်ကို ငါတို့ထမ်းကြရမယ်။ ငါတို့ရဲ့ ဒီကနေ့ ဆောင်ရွက် ချက်တွေဟာ နောင်တစ်ချိန်မှာ သမိုင်းမှတ်တမ်းကောင်းများအဖြစ် ကမ္ဘည်းမော်ကွန်းထိုးနိုင်စေရ မယ်လို့ယုံကြည်ကြောင်းပြောကြားရင်း ပြည်သူ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းခြင်း (၂)နှစ်ပြည့် သဝဏ်လွှာကို နိဂုံးချုပ်ပါတယ်။

အရေးတော်ပုံအောင်ရမည်။